ရှင်ယောဟန်
ဩဝါဒစာဒုတိယစောင်။

1 အသက်ကြီး သူ သည် မြတ်သော သခင်မ ကိုဧင်း ၊ သားသမီး
တို့ကို ဧင်း ကြား လိုက်ပါ ၏။ ငါ တို့၌ တည် ၍ ငါ တို့ တွင်
အစဉ်မပြတ် ရှိ လတ္တံ့သော သမ္မာတရား
ကြောင့် ၊
2 ငါ မှစ၍ သမ္မာတရား ကို သိ
သောသူ အပေါင်း
တို့ သည်၊ သခင်မ နှင့် သားသမီး တို့၌
မှန်ကန် သောချစ် ခြင်း မေတ္တာ ရှိပါ၏။
3 ခမည်းတော် ဘုရား ထံ တော်ကဧင်း ၊ ခမည်းတော် ၏သား တော်ယေရှု ခရစ် အထံ ကဧင်း၊ သမ္မာတရား ၊ မေတ္တာ
တရားနှင့်တကွ ၊ ကျေးဇူး ၊ ကရုဏာ
၊ ငြိမ်သက် ခြင်းသည် သင်တို့၌ ရှိ ပါစေသော။
4 ငါတို့သည် ခမည်းတော် ဘုရားထံ၌ ပညတ် တော်ကို ခံရ
သည်အတိုင်း ၊ သင် ၏သားသမီး အချို့ တို့သည် သမ္မာတရား
၌

ကျင်လည် ၍ နေသည်ကို ငါတွေ့ သောအခါ၊ အလွန်
ဝမ်းမြောက် ခြင်းရှိ၏။

5 ယခု တွင် ပညတ် တော်သစ် ကို မ

ရေး ဘဲလျက် ၊ ငါတို့၌ရှေ့ဦးစွာ ကပင် ရှိ သော ပညတ်
တော် ကို ရေးထား ၍၊ သခင်မ ၊ အချင်းချင်း ချစ် ခြင်း
မေတ္တာရှိကြကုန်အုံ့ဟု ငါတောင်းပန် ၏။

6 ပညတ် တော်တို့အတိုင်း

ကျင့်စောင့် ခြင်းအရာ သည် ချစ် ရာရောက် ၏။ သင်
တို့သည် ပညတ် တော်နှင့်အညီကျင့် မည်အကြောင်း ၊
ရှေ့ဦးစွာ ကပင် သင် တို့ ကြားရသည်အတိုင်း ၊ ပညတ်
တော်သည်ထိုသို့သောသဘောရှိ ၏။

7 လူဇာတိ အားဖြင့် ကြွလာ တော်မူသော ယေရှု ခရစ်
ကို ငြင်းပယ် လျက်၊ လှည့်ဖြား သော သူအများ

တို့သည် လောက

ထဲသို့ ဝင် ကြပြီ။ ထိုသို့သောသူသည် လှည့်ဖြား သော
သူ ဖြစ် ၏။ အနုတိခရစ် လည်း ဖြစ်၏။

8 ငါတို့သည် ကိုယ်ပြုစု သောအရာ မ ပျောက် မပျက်၊
စုံလင် သောအကျိုး ကို ရ

မည်အကြောင်း ၊ သင် တို့သည် ကိုယ် ကို ကိုယ်
သတိပြု၍ စောင့်ရှောက် ကြလော့။

9 ခရစ်တော် ၏ဒေသနာ ၌

မ တည် ဘဲ လွန်ကျူး သော သူ မည်သည် ကား၊
ဘုရားသခင် ကိုမ သိ ။ ခရစ်တော်ဒေသနာ ၌

တည် သောသူ သည် ခမည်းတော် နှင့်
သား တော်ကိုသိ ၏။
10 ထို ဒေသနာ တော်မ ပါ သောသူ သည် သင် တို့ထံသို့
လာ လျှင် ၊ သူ့
ကိုသင့်အိမ် ၌
လက် မ ခံနှင့်။ မင်္ဂလာရှိစေသောဟု နှုတ် မ ဆက်နှင့်။
11 မင်္ဂလာရှိစေသောဟုထိုသူ ကိုနှုတ်ဆက် လျှင် ၊ သူ
၏ဆိုးယုတ် သော အကျင့် တို့နှင့် ဆက်ဆံ ရာ သို့
ရောက်၏။
12 သင် တို့အား ငါရေး စရာအကြောင်း အများ ရှိ
သော်လည်း ၊ စက္ကူ
ပေါ်၌မှင် နှင့်ရေး ခြင်းဌာ အလို မ ရှိ၊ သင် တို့ ဆီ
သို့ ငါလာ၍၊ အချင်းချင်း အားရဝမ်းမြောက် ခြင်းစုံလင်
မည်အကြောင်း ၊ သင်တို့နှင့် နှုတ်ဆက်၍ စကားပြော
မည်ဟုမြော်လင့် လျက်နေ ၏။
13 သင် ၏မြတ်သောညီမ ၏ သားသမီး
တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။

မြန်မာကျမ်းစာ

The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-07-28

PDF generated using Haiola and XeLaTeX on 1 Oct 2024 from source files dated 14 Aug 2024
5602fb7e-6c4f-5434-acb0-8e67903ea45f